## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြေပိုင်ဆိုင်မှုအရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီးစီးပွားရေးသုံးမဟုတ်ဘဲသာမာန်လူနေအိမ်ဆောက်လုပ်ရန် လျှောက်ထားသည့် အောက်ဖော်ပြပါဆောက်လုပ်ခွင့်များကို မြေပိုင်ဆိုင်မှုအရပ်စာချုပ်(Low Risk Without D-Map) ဖြင့် ၁-၅-၂၀၂၂ ရက်နေ့မှစတင်၍ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည် -

(က) မြို့သစ်မြို့နယ်များတွင် ( ၃၀' × ၆၀' )နှင့်အောက် ဂရန်မြေ / ပါမစ်မြေကွက် များတွင် ဆောက်လုပ်ခွင့်လျှောက်ထားခြင်းများ၊

(ခ) ကျန်မြို့နယ်များတွင် မြေရာဇဝင်စိစစ်ချက်အရ ( ၂၀' × ၆၀' )ဂရန်မြေ / ပါမစ်မြေ များဖြစ်က ၂၀၁၀ ခုနှစ်မတိုင်မီဝယ်ယူထားသည့် မြေကွက်များ နှင့် ( ၂၀' × ၆၀' ) အောက် ဂရန်မြေ / ပါမစ်မြေ များတွင် ဆောက်လုပ်ခွင့် လျှောက်ထားခြင်းများ၊

(ဂ) အမည်ပေါက်ဆောင်ရွက်၍ မရနိုင်သည့် / မြေအမည်ပေါက်ရရှိနိုင်ရန် ခက်ခဲသည့် မြေကွက်များတွင် Building Categorization Matrix တွက်ချက်မှုအရ Low Risk အဆင့်ဆောက်လုပ်ခွင့်လျှောက်ထားခြင်းများ။

# အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြေပိုင်ဆိုင်မှုအရပ်ကတိစာချုပ်များဖြင့် လျှောက်ထားသည့်ဆောက်လုပ်ခွင့်အမှုတွဲများ (Low Risk Without D-Map)နှင့်ပတ်သက်၍ အောက်ပါအတိုင်းသာ စိစစ်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

(က) ဂရန်မြေနှင့်ပါမစ်မြေများဖြစ်ပါက မျက်နှာဖွင့် ၃၀'-၀" အောက်အကျယ်ရှိသော မြေကွက်များတွင် အမြင့် ၃၀'-၀" ထက်မပိုသော (၃)ထပ်ထိ ဆောက်လုပ်ခွင့်များ၊

(ခ) မိသားစုတစ်စုသာအသုံးပြုမည့် (ကန်ထရိုက်တိုက်ပုံစံ၊ စီးပွားရေးသုံးအဆောက်အအုံ မဟုတ်သည့်)ဆောက်လုပ်ခွင့်များ။

၂။ ဂရန်မြေ၊ ပါမစ်မြေများကိုဝယ်ယူ၍ ဆောက်လုပ်ခွင့်လျှောက်ထားမှုများကို (၁-၂-၂၀၂၁)ရက်နေ့နောက်ပိုင်းတွင် Low Risk With D-Map ဖြင့်သာ ဆောက်လုပ်ခွင့်တင်ပြရန်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# Yangon Building Permit System
ybps.ycdc.gov.mm



## အသိပေးကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းဘေးရှိ မြေနေရာ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ကြီးကြပ်မှုဖြင့် Myanmar V-Pile Co., Ltd မှဆောင်ရွက်သော ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း (ဒုတိယအဆင့်) တွင် ၄ခန်းတွဲ ၈ထပ်တိုက် (၂၇)လုံး ( ၈၆၄ ခန်း ) ဆောင်ရွက်လျက်ရှိရာ U-600 အဆောက်အဦ(၈)လုံးမှာ တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ တိုက်ခန်းတန်ဖိုး အကြေပေးသွင်းပြီးသည့် အခန်းပိုင်ရှင်များအား ၉-၁-၂၀၂၀ ရက်နေ့မှစ၍ အခန်းသော့စတင်ထုတ်ပေးပြီးဖြစ်ပါသည်။ U-900 အဆောက်အဦ(၁၉)လုံးအနက် BB1 to BB4 (၄)လုံးမှာ 5th Floor ထိလည်းကောင်း၊ CC1 to CC8 (၈)လုံးမှာ 8th Floor ထိလည်းကောင်း၊ DD1 to DD7 (၇)လုံးမှာ 6th Floor ထိလည်းကောင်း အသီးသီး ဆောင်ရွက်ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ၂၉-၇-၂၀၂၀ ရက်နေ့အထိ U-600 အဆောက်အဦများနှင့် U-900 အဆောက်အဦများမှ တိုက်ခန်းဖိုးပေးသွင်းရန် အောက်ပါအတိုင်း ကျန်ရှိပါသည် -

| | | | | | |
|---|---|---|---|---|---|
| AA1 to AA8 | U-600 | ဒုတိယအရစ် | - | ၅ | ခန်း |
| | U-600 | တတိယအရစ် | - | ၆ | ခန်း |
| | U-600 | စတုတ္ထအရစ် | - | ၆ | ခန်း |
| | U-600 | ပဉ္စမအရစ် | - | ၉ | ခန်း |
| | U-600 | နောက်ဆုံးအရစ် | - | ၅၇ | ခန်း |
| BB1 to BB4 | U-900 | ဒုတိယအရစ် | - | ၁၂ | ခန်း |
| | U-900 | တတိယအရစ် | - | ၂၇ | ခန်း |
| CC1 to CC8 | U-900 | ဒုတိယအရစ် | - | ၃၁ | ခန်း |
| | U-900 | တတိယအရစ် | - | ၇၁ | ခန်း |
| | U-900 | စတုတ္ထအရစ် | - | ၁၂၂ | ခန်း |
| | U-900 | ပဉ္စမအရစ် | - | ၂၅၁ | ခန်း |
| DD1 to DD7 | U-900 | ဒုတိယအရစ် | - | ၄၀ | ခန်း |
| | U-900 | တတိယအရစ် | - | ၇၇ | ခန်း |
| | U-900 | စတုတ္ထအရစ် | - | ၂၁၅ | ခန်း |

၃။ သို့ဖြစ်ပါ၍ အပိုဒ်(၂) ပါ တိုက်ခန်းဖိုးပေးသွင်းရန် ကျန်ရှိသူများမှ တိုက်ခန်းဖိုးကျသင့်ငွေများ အမြန်လာရောက်ပေးသွင်းပါရန် ထပ်မံနှိုးဆော်အကြောင်းကြားအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အများသိစေရန် ကြေညာချက်**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီများမှ အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာများသည် သက်ဆိုင်ရာကောင်စီများတွင် မှတ်ပုံတင်ပြီးပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့တွင် မှတ်ပုံတင်ပေးခြင်း၊ အသိအမှတ်ပြုကတ်ပြားထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သော်လည်း ယခုအခါအဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာကောင်စီများက Database Admin အနေဖြင့်တာဝန်ယူ၍ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာ/ဗိသုကာ များ Login ဝင်ရောက်ရမည့် Username နှင့် Password များကိုမှတ်ပုံတင် ဖွင့်လှစ်ပေးလျှက်ရှိပြီး အဆိုပါ Username နှင့် Password ဖြင့်သာ Yangon Building Permit System(YBPS)တွင် ဝင်ရောက်လျှောက်ထားရသဖြင့် အဆောက်အဦဆိုင်ရာလုပ်ငန်း တာဝန်ခံအဖွဲ့တွင် လာရောက် မှတ်ပုံတင်ရန်မလိုအပ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့**

# အသိပေးကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းဘေးရှိ မြေနေရာ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ကြီးကြပ်မှုဖြင့် Myanmar V-Pile Co., Ltd မှဆောင်ရွက်သော ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း (ဒုတိယအဆင့်) တွင် ၄ခန်းတွဲ ၈ထပ်တိုက် (၂၇)လုံး ( ၈၆၄ ခန်း ) ဆောင်ရွက်လျက်ရှိရာ U-600 အဆောက်အဦ(၈)လုံးမှာ တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ တိုက်ခန်းတန်ဖိုး အကြေပေးသွင်းပြီးသည့် အခန်းပိုင်ရှင်များအား ၉-၁-၂၀၂၀ ရက်နေ့မှစ၍ အခန်းသော့စတင်ထုတ်ပေးပြီးဖြစ်ပါသည်။ U-900 အဆောက်အဦ(၁၉)လုံးအနက် CC1 to CC8 (၈)လုံးမှာ 8th Floor Slab ထိ လည်းကောင်း၊ BB1 to BB4, DD1 to DD7 (၁၁)လုံးမှာ 5th Floor Slab ထိလည်းကောင်း အသီးသီး ဆောင်ရွက်ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ၁၈-၆-၂၀၂၀ ရက်နေ့အထိ U-600 အဆောက်အဦများနှင့် U-900 အဆောက်အဦများမှ တိုက်ခန်းဖိုးပေးသွင်းရန် အောက်ပါအတိုင်း ကျန်ရှိပါသည် -

| | | | | |
|---|---|---|---|---|
| U-600 | ဒုတိယအရစ် | - | ၆ | ခန်း |
| U-600 | တတိယအရစ် | - | ၈ | ခန်း |
| U-600 | စတုတ္ထအရစ် | - | ၉ | ခန်း |
| U-600 | ပဉ္စမအရစ် | - | ၁၈ | ခန်း |
| U-600 | နောက်ဆုံးအရစ် | - | ၁၀၁ | ခန်း |
| U-900 | ဒုတိယအရစ် | - | ၈၅ | ခန်း |
| U-900 | တတိယအရစ် | - | ၁၈၂ | ခန်း |
| U-900 | စတုတ္ထအရစ် | - | ၁၇၃ | ခန်း |

၃။ သို့ဖြစ်ပါ၍ အပိုဒ်(၂) ပါ တိုက်ခန်းဖိုးပေးသွင်းရန် ကျန်ရှိသူများမှ တိုက်ခန်းဖိုးကျသင့်ငွေများ အမြန်လာရောက်ပေးသွင်းပါရန် ထပ်မံနှိုးဆော်အကြောင်းကြားအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# အသိပေးကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တန်ဖိုးနည်းအိမ်ရာများ(Low Cost Housing) / တန်ဖိုးမျှတအိမ်ရာများ (Affordable Housing) (Mix – Used Development များကိုလည်း ဖော်ပြနိုင်သည်) တည်ဆောက်ရန်အတွက် ၂၈-၂-၂၀၂၀ ရက်နေ့နှင့် ၁-၃-၂၀၂၀ ရက်နေ့ထုတ် ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာပါ **EOI** အဆိုပြုလွှာစာရွက်စာတမ်းအပြည့်အစုံကို ၃၁-၃-၂၀၂၀ ရက်နေ့ နောက်ဆုံးထား တင်သွင်းခြင်းအစား ၃၀-၄-၂၀၂၀ ရက်နေ့သို့ ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

## တန်ဖိုးနည်း/တန်ဖိုးမျှတအိမ်ရာများတည်ဆောက်ရန် စိတ်ပါဝင်စားမှုဖော်ပြခြင်း

## အဆိုပြုလွှာများခေါ်ယူခြင်း

## ( Request For Expression Of Interest )

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီမှ အောက်ဖော်ပြပါမြေနေရာများ နှင့် ကိုယ်ပိုင်မြေကွက်(တစ်ဦးတည်းပိုင်(သို့)ပူးတွဲပိုင်) များတွင် တန်ဖိုးနည်းအိမ်ရာများ(Low Cost Housing ) / တန်ဖိုးမျှတအိမ်ရာများ (Affordable Housing) (Mix – Used Development များကိုလည်းဖော်ပြနိုင်သည်) တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တိုင်းဒေသကြီးတင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့တွင် မှတ်ပုံတင်ပြီးဖြစ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား စိတ်ပါဝင်စားမှုဖော်ပြခြင်း (EOI) အဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(က) ရွှေပြည်သာမြို့နယ်၊ ရန်ကုန်-ပြည် မီးရထားလမ်းနှင့် ဗိုလ်ရန်ပြေလမ်းကြား၊ မြေတိုင်းရပ်ကွက်အမှတ်(၉ + ၁၀)၊ မြေဧရိယာ(၁၀)ကေခန့် (သာဓုကန်ဘူတာအနီး)

(ခ) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရတနာပုံလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေဧရိယာ(၈.၈၅၆)ကေခန့်

(ဂ) (၁၀)ကေနှင့်အထက် မြေကွက်များ (တစ်ဦးတည်းပိုင် (သို့) ပူးတွဲပိုင် (သို့) အစိုးရပိုင်)

၂။ EOI အဆိုပြုလွှာ စာရွက်စာတမ်းများကို ၃-၃-၂၀၂၀ (အင်္ဂါနေ့) မှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၄-လမ်းနှင့် စည်ပင်လမ်းထောင့်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော် မတီ၊ ဆယ်ထပ်ရုံး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ စလွှာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါ သည်။

၃။ EOI အဆိုပြုလွှာ စာရွက်စာတမ်းအပြည့်အစုံကို အထက်ဖော်ပြပါဌာနသို့ ၃၁-၃-၂၀၂၀ (အင်္ဂါနေ့)၊ နေ့လည်(၃:၀၀)နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။ နောက်ကျတင်သွင်းသော EOI အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ EOI နှင့်စပ်လျဉ်း၍ သိရှိလိုသော အချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ တယ်လီဖုန်းအမှတ် ၀၁-၃၇၄၃၆၆၊ ၀၁-၃၇၈၁၅၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အများသိစေရန်ကြေညာချက်**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် အဆောက်အဦဆောက်လုပ်ခွင့်များအား Online Submission System (Automation System)ဖြင့်ပြောင်းလဲဆောင်ရွက်ရန်အတွက် Yangon Building Permit System အား ၉-၈-၂၀၁၉ ရက်နေ့တွင် Pilot Launch ပြုလုပ်ခဲ့ပြီး Low Risk နှင့် Medium Risk အဆောက်အဦများအား Pilot Test အနေဖြင့် အမှုတွဲများ လက်ခံဆောင်ရွက်လျက်ရှိပါသည်။

၂။ Pilot Test ဆောင်ရွက်ခဲ့သည့်ကာလမှာ (၇)လကျော်ကြာမြင့်ခဲ့ပြီးဖြစ်ပြီး ၎င်းကာလအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် Professional များ၏ ပူးပေါင်းပါဝင်မှုဖြင့် System အား ပိုမိုကောင်းမွန်အောင်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ၁၅-၃-၂၀၂၀ ရက်နေ့မှစ၍ Low & Medium Risk အဆောက်အဦများသာမက High Risk အပါအဝင် ဆောက်လုပ်ခွင့် အမျိုးအစားအားလုံး၏ ဆောက်လုပ်ခွင့်များအား Online System ဖြင့်စတင်လျှောက်ထားနိုင်ပြီဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

၄။ အထက်ပါကာလအတွင်း Online စနစ်အား ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၇-၄-၂၀၂၀ ရက်နေ့မှစ၍အဆောက်အဦဆောက်လုပ်ခွင့်များအား Online Submission System ဖြင့်သာလက်ခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ရန်ကုန်မြို့တော်ဘဏ်လီမိတက်

မူရင်း

| ငွေစက္ကူ | ကျပ် | ပြား |
|---|---|---|
| ၁၀၀၀၀/- | | |
| ၅၀၀၀/- | | |
| ၁၀၀၀/- | | |
| ၅၀၀/- | | |
| ၂၀၀/- | | |
| ၁၀၀/- | | |
| ၅၀/- | | |
| ၂၀/- | | |
| ၁၀/- | | |
| ၅/- | | |
| ၁/- | | |
| စုစုပေါင်း | ၅၀၀၀၀၀၀ | |

စာရင်းအမှတ် **DY** ဘဏ်ရွေးချယ်ပြီးထည့်ရန်(e.g DY-7 ) နေ့စွဲ --------

ချလံအမှတ် ပုံစံစစ်ဆေးခပေးသွင်းထားသောချလံမှချလံအမှတ်ယူရန်(e.g BDG - - )

ပေးသွင်းသည့် ပုဂ္ဂိုလ်/ ကန်ထရိုက်တာအမည်၊ **LC-** အမှတ်၊ မှတ်ပုံတင်အမှတ်...

ပေးသွင်းသောငွေကျပ် ...၅၀၀၀၀၀၀/--..................................

( ကျပ် ...ငါးဆယ်သိန်းတိတိ...)

ဆောက်လုပ်မည့်အဆောက်အဦ၏လိပ်စာအပြည့်အစုံ......................................

လက်ခံပါရန်ပေးသွင်းသည့်ကိစ္စအဆောက်အဦဆောက်လုပ်ခြင်းကိစ္စအဝဝအတွက်အာမခံကြေး

စာရင်းခေါင်းစဉ် ယာယီစာရင်း(အဆောက်အအ/ဦဆောက်ခြင်းအာမခံကြေး)

ပေးသွင်းသူလက်မှတ်

# ရန်ကုန်မြို့တော်ဘဏ်လီမိတက်

ပ - မိတ္တူ

| ငွေစက္ကူ | ကျပ် | ပြား |
|---|---|---|
| ၁၀၀၀၀/- | | |
| ၅၀၀၀/- | | |
| ၁၀၀၀/- | | |
| ၅၀၀/- | | |
| ၂၀၀/- | | |
| ၁၀၀/- | | |
| ၅၀/- | | |
| ၂၀/- | | |
| ၁၀/- | | |
| ၅/- | | |
| ၁/- | | |
| စုစုပေါင်း | ၅၀၀၀၀၀၀ | |

စာရင်းအမှတ် **DY** ဘဏ်ရွေးချယ်ပြီးထည့်ရန်(e.g DY-7 ) နေ့စွဲ --------

ချလံအမှတ် ပုံစံစစ်ဆေးခပေးသွင်းထားသောချလံမှချလံအမှတ်ယူရန်(e.g BDG - - )

ပေးသွင်းသည့် ပုဂ္ဂိုလ်/ ကန်ထရိုက်တာအမည်၊ **LC-** အမှတ်၊ မှတ်ပုံတင်အမှတ်...

ပေးသွင်းသောငွေကျပ် ...၅၀၀၀၀၀၀/--..................................

( ကျပ် ...ငါးဆယ်သိန်းတိတိ...)

ဆောက်လုပ်မည့်အဆောက်အဦ၏လိပ်စာအပြည့်အစုံ......................................

လက်ခံပါရန်ပေးသွင်းသည့်ကိစ္စအဆောက်အဦဆောက်လုပ်ခြင်းကိစ္စအဝဝအတွက်အာမခံကြေး

စာရင်းခေါင်းစဉ် ယာယီစာရင်း(အဆောက်အအ/ဦဆောက်ခြင်းအာမခံကြေး)

ပေးသွင်းသူလက်မှတ်

# ရန်ကုန်မြို့တော်ဘဏ်လီမိတက်

ဒု - မိတ္တူ

| ငွေစက္ကူ | ကျပ် | ပြား |
|---|---|---|
| ၁၀၀၀၀/- | | |
| ၅၀၀၀/- | | |
| ၁၀၀၀/- | | |
| ၅၀၀/- | | |
| ၂၀၀/- | | |
| ၁၀၀/- | | |
| ၅၀/- | | |
| ၂၀/- | | |
| ၁၀/- | | |
| ၅/- | | |
| ၁/- | | |
| စုစုပေါင်း | ၅၀၀၀၀၀၀ | |

စာရင်းအမှတ် **DY** ဘဏ်ရွေးချယ်ပြီးထည့်ရန်(e.g DY-7 ) နေ့စွဲ --------

ချလံအမှတ် ပုံစံစစ်ဆေးခပေးသွင်းထားသောချလံမှချလံအမှတ်ယူရန်(e.g BDG - - )

ပေးသွင်းသည့် ပုဂ္ဂိုလ်/ ကန်ထရိုက်တာအမည်၊ **LC-** အမှတ်၊ မှတ်ပုံတင်အမှတ်...

ပေးသွင်းသောငွေကျပ် ...၅၀၀၀၀၀၀/--..................................

( ကျပ် ...ငါးဆယ်သိန်းတိတိ...)

ဆောက်လုပ်မည့်အဆောက်အဦ၏လိပ်စာအပြည့်အစုံ......................................

လက်ခံပါရန်ပေးသွင်းသည့်ကိစ္စအဆောက်အဦဆောက်လုပ်ခြင်းကိစ္စအဝဝအတွက်အာမခံကြေး

စာရင်းခေါင်းစဉ် ယာယီစာရင်း(အဆောက်အအ/ဦဆောက်ခြင်းအာမခံကြေး)

ပေးသွင်းသူလက်မှတ်

## အာမခံကြေး (၅၀) သိန်းပေးသွင်းနိုင်သော ရန်ကုန်မြို့တော်ဘဏ်များ

စာရင်းအမှတ်
**DY** ဖြည့်စွက်ရန်

| | | |
|---|---|---|
| (၁)မြို့တော်ခန်းမအနောက်ဘက်၊ကျောက်တံတားမြို့နယ်၊ဘဏ်(ရုံးချုပ်) | | DY-7 |
| (၂)ဗိုလ်တထောင်မြို့နယ်၊၄၅လမ်း၊YCDC ရုံးဝင်းအတွင်း | (ဘဏ်ခွဲ) | DY-9 |
| (၃)မရမ်းကုန်းမြို့နယ်၊ဘုရင့်နောင်ပွဲရုံဝင်းအတွင်း | (ဘဏ်ခွဲ) | DY-10 |
| (၄)မြောက်ဥက္ကလာပမြို့နယ်၊အောင်မင်္ဂလာအဝေးပြေးဝင်းအတွင်း | (ဘဏ်ခွဲ) | DY-11 |
| (၅)မင်္ဂလာတောင်ညွန့်မြို့နယ်၊မင်္ဂလာဈေးဝင်းဘေး | (ဘဏ်ခွဲ) | DY-12 |

ငွေသွင်းချလံဖြည့်စွက်ရာတွင်အခက်အခဲရှိပါကအောက်ပါဖုန်းနံပါတ်များနှင့်
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်

**09448043411**
**09401639575**
**09443171007**

**အသိပေးကြေညာချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းဘေးရှိ မြေနေရာ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ကြီးကြပ်မှုဖြင့် Myanmar V-Pile Co., Ltd မှဆောင်ရွက်သော ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း (ဒုတိယအဆင့်) တွင် ၄ခန်းတွဲ ၈ထပ်တိုက် (၂၇)လုံး ( ၈၆၄ ခန်း ) ဆောင်ရွက်လျက်ရှိရာ U-600 အဆောက်အဦ(၈)လုံးမှာ တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ငွေအကြေပေးသွင်းသူများသို့ အခန်းများ အပ်နှံမည်ဖြစ်ပါသည်။ U-900 အဆောက်အဦ(၁၉)လုံးအနက် (၁၁)လုံးမှာ 5th Floor Slab ၊ (၈)လုံးမှာ 4th Floor Slab ထိ ဆောင်ရွက်ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ U-600 တိုက်ခန်းဝယ်ယူခွင့်ရရှိသူများသည် အခန်းတန်ဖိုးကျသင့်ငွေအကြေပေးသွင်းပါရန်နှင့် U-900 တိုက်ခန်းဝယ်ယူခွင့်ရရှိသူများသည် တတိယအရစ်အထိ ကျသင့်ငွေများအား လာရောက်ပေးသွင်းပါရန် နှိုးဆော်အကြောင်းကြားအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## NOTIFICATION

This is to notify that the pilot test run of Risk Based System, utilizing Building Categorization Matrix (BCM) has been initialized in scrutinizing building construction application cases within YCDC area, replacing the current system, since June 2019, with an aim of speeding up the building construction permission procedure for businesses and investors alike. To make the risk based system more effective, pilot testing phase of Yangon Building Permit System, an online system based on internationally accepted ICT Technology, has been initiated on 1st july and over 600 architects and engineers have been trained on its use.

To ensure the smooth run of the system on full launch, at the beginning of 2020, the trained engineers and architects are expected to give the feedback on their use. As there are very few online applications in comparison to the number of the trained professionals, the trained professionals' cooperation in utilization of the online submission system will be highly appreciated.

Head of Department (Deputy Director General)
Engineering Department (Building)
Building Control Authority
Yangon City Development Committee

# YBPS Training တက်ရောက်ထားသော အင်ဂျင်နီယာ/ဗိသုကာများ ဆောက်လုပ်ခွင့်အမှုတွဲများအား Online System ဖြင့်သာ တင်ပြပေးပါရန် အသိပေးနှိုးဆော်ချက်

## အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း အဆောက်အဦ ဆောက်လုပ်ခွင့်ပြုမိန့် ရယူရေး လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများပိုမိုလွယ်ကူမြန်ဆန်စေရန် လက်ရှိကျင့်သုံးနေသော ဆောက်လုပ်ခွင့်ပြုမိန့်စနစ်အား Risk Based System ဖြင့် ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ် ဇွန်လမှ စ၍ အမှုတွဲများ လက်ခံဆောင်ရွက်ရာတွင် Building Categorization Matrix (BCM) အား အသုံးပြုကာ Risk ခွဲခြားသတ်မှတ်၍ စတင်စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့(BCM)အား အသုံးပြုကာ Risk ခွဲခြား သတ်မှတ်၍ အဆောက်အအုံဆောက်လုပ်ခွင့်ပေးခြင်းအား ပိုမိုလျင်မြန်လွယ်ကူပြီးထိရောက်မှုရှိစေရန် နိုင်ငံတကာနည်းတူ ICT နည်းပညာသုံး Automation System (online submission) စနစ်ဖြင့် ပြောင်းလဲဆောင်ရွက်ရန်အတွက် အင်ဂျင်နီယာ/ဗိသုကာ ဦးရေ(၆၀၀)ကျော်အား Training ဆောင်ရွက်ပေးပြီး Pilot Test Phase of Yangon Building Permit System (YBPS) အား ၁-၇-၂၀၁၉ ရက်နေ့မှစ၍ အမှုတွဲလက်ခံ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် Full Launch ဆောင်ရွက်ရန် လျာထားလျက်ရှိရာ System အား ပိုမိုချောမွေ့ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန်အတွက် အင်ဂျင်နီယာ/ဗိသုကာများမှ System အား အသုံးပြုပေးရန် လိုအပ်ပါသည်။ Pilot Test Phase တွင် Online မှ တင်ပြသောဆောက်လုပ်ခွင့်အရေအတွက်မှာ Training တက်ရောက်ထားပြီးသောအင်ဂျင်နီယာ/ဗိသုကာအရေအတွက်နှင့်နှိုင်းယှဉ်ပါက အလွန်ပင်နည်းပါးနေပါသဖြင့် Training တက်ရောက်ပြီးသူများမှ Online System ဖြင့်သာ တင်ပြပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပါရန် နှိုးဆော်အပ်ပါသည်။

အတွင်းရေးမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အသိပေးကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းဘေးရှိ မြေနေရာ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ကြီးကြပ်မှုဖြင့် Myanmar V-Pile Co., Ltd မှဆောင်ရွက်သော ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း (ဒုတိယအဆင့်) တွင် ၄ခန်းတွဲ ၈ထပ်တိုက် (၂၇)လုံး ( ၈၆၄ ခန်း ) ဆောင်ရွက်လျက်ရှိရာ U-600 တိုက်ခန်းများမှာ ၂၀၁၉ ခုနှစ် နိုဝင်ဘာလကုန်နှင့် U-900 တိုက်ခန်းများမှာ ၂၀၂၀ ခုနှစ် ဇူလိုင်လကုန်တွင် အပ်နှံနိုင်မည်ဖြစ်ကြောင်း၊ U-600 တိုက်ခန်းဝယ်ယူခွင့်ရရှိသူများသည် ပဉ္စမအရစ်ထိ ကျသင့်ငွေပေးသွင်းပါရန်နှင့် U-900 တိုက်ခန်းဝယ်ယူခွင့်ရရှိသူများသည် ဒုတိယအရစ်ထိ ကျသင့်ငွေများအား အမြန်လာရောက်ပေးသွင်းပါရန် (၁၇-၁၀-၂၀၁၉) ရက်နေ့နှင့် (၁၉-၁၀-၂၀၁၉) ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေငြာပြီးဖြစ်ပါသည်။

၂။ ယခုအခါ (၁-၁၁-၂၀၁၉) ရက်နေ့အထိ U-600 အဆောက်အဦများနှင့် U-900 အဆောက်အဦများမှ တိုက်ခန်းဖိုးပေးသွင်းရန် အောက်ပါအတိုင်းကျန်ရှိပါသည် -

- U-600 ဒုတိယအရစ် - ၁၁ ခန်း
- U-600 တတိယအရစ် - ၁၈ ခန်း
- U-600 စတုတ္ထအရစ် - ၂၇ ခန်း
- U-600 ပဉ္စမအရစ် - ၆၀ ခန်း
- U-900 ဒုတိယအရစ် - ၂၈၄ ခန်း

၃။ သို့ဖြစ်ပါ၍ အပိုဒ်(၂)ပါ တိုက်ခန်းဖိုးပေးသွင်းရန် ကျန်ရှိသူများမှ တိုက်ခန်းဖိုးကျသင့်ငွေများ အမြန်လာရောက်ပေးသွင်းပါရန် ထပ်မံနှိုးဆော်အကြောင်းကြားအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# အသိပေးကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းဘေးရှိ မြေနေရာ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ကြီးကြပ်မှုဖြင့် Myanmar V-Pile Co., Ltd မှဆောင်ရွက်သော ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း (ဒုတိယအဆင့်) တွင် ၄ခန်းတွဲ ၈ထပ်တိုက် (၂၇)လုံး ( ၈၆၄ ခန်း ) ဆောင်ရွက်လျက်ရှိရာ အောက်ယှဉ်တွဲဖော်ပြပါ အခန်းအရေအတွက်နှင့်ဈေးနှုန်းများအတိုင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ပြည်သူလူထုသို့ မဲနှိုက်ရောင်းချခဲ့ပါသည် -

(က) U-900 အမျိုးအစားတွင်

Type-A ၉၂၇ စတုရန်းပေ ( ၅၇၀ )ခန်းရှိပြီး တစ်ခန်းလျှင် - ကျပ် ၃၇၇ သိန်း

Type-B ၈၇၇ စတုရန်းပေ ( ၃၈ )ခန်းရှိပြီး တစ်ခန်းလျှင် - ကျပ် ၃၅၉ သိန်း

(ခ ) U-600 အမျိုးအစားတွင်

Type-A ၆၁၄ စတုရန်းပေ ( ၂၄၀ )ခန်းရှိပြီး တစ်ခန်းလျှင် - ကျပ် ၂၈၅ သိန်း

Type-B ၅၆၅ စတုရန်းပေ ( ၁၆ )ခန်းရှိပြီး တစ်ခန်းလျှင် - ကျပ် ၂၆၇ သိန်း

၂။ အဆိုပါတိုက်ခန်းများမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ပြီးစီးရမည်ဖြစ်သော်လည်း တိုက်ခန်းများမဲဖောက်ရောင်းချစဉ် တိုက်ခန်းဝယ်ယူခွင့်ရရှိသူ ၅၀% သာ ပထမအရစ်ပေးသွင်းနိုင်ခဲ့ပြီး ကျန် ၅၀% မှာ ပေးသွင်းနိုင်ခြင်းမရှိ၍ ဝယ်ယူခွင့်ဖျက်သိမ်းပြီး အခြားဝယ်ယူမည့်သူများအား နိုင်ငံပိုင်သတင်းစာများတွင် လွတ်လပ်စွာဝယ်ယူနိုင်ကြောင်း ကြေညာရောင်းချခဲ့ရသဖြင့် လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုရှိခဲ့ပါသည်။

၃။ အိမ်ရာစီမံကိန်းရှိ U-600 တိုက်ခန်းများမှာ ၂၀၁၉ ခုနှစ် နိုဝင်ဘာလကုန်တွင် အပ်နှံနိုင်မည်ဖြစ်ပါသည်။ U-900 တိုက်ခန်းများမှာ ၂၀၂၀ ခုနှစ် ဇူလိုင်လကုန်တွင် အပ်နှံနိုင်မည်ဖြစ်ပြီး မြေပြင်တွင် 3rd Floor ထိပြီးစီးနေပြီဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ U-600 တိုက်ခန်းဝယ်ယူခွင့်ရရှိသူများသည် ပဉ္စမအရစ်အထိ ကျသင့်ငွေပေးသွင်းပါရန်နှင့် U-900 တိုက်ခန်းဝယ်ယူခွင့်ရရှိသူများသည် ဒုတိယအရစ်အထိ ကျသင့်ငွေများအား အမြန်လာရောက်ပေးသွင်းပါရန် နှိုးဆော်အကြောင်းကြားအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ဗီယက်နမ်တွင်**
ဗန်အန်ခြူ၊ အိုင်အက်ဖ်စီ
ဖုန်းနံပါတ် - (+၈၄) ၂၄ ၃၉၃၇ ၈၇၄၅
အီးမေးလ် - canh1@ifc.org

**ရန်ကုန်တွင်**
ဦးထွဋ်ခေါင်ဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ဖုန်းနံပါတ်-၀၉၄၄၃၀၁၆၉၉၀
အီးမေးလ်-htutkhaungwin09@gmail.com

## မြန်မာနိုင်ငံ၏ Ease of Doing Business ပိုမိုကောင်းမွန်ရေးအတွက် အထောက်အကူပြုစေရန် ဆောက်လုပ်ခွင့်ပါမစ် စနစ်သစ် ကို IFC မှ ပံ့ပိုးကူညီ

၂၀၁၉ခုနှစ် ဩဂုတ်လ ၉ ရက်၊ ရန်ကုန်မြို့ မြန်မာနိုင်ငံ။ ကမ္ဘာ့ဘဏ်အုပ်စု၏ အဖွဲ့ဝင် ဖြစ်သော အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) သည် မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုအဆင်ပြေစေသော ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်ရန်နှင့် ရန်ကုန်မြို့၏ အဆောက်အအုံ ဆောက်လုပ်ခွင့် ပါမစ်စနစ်ကို ပြုပြင်ပြောင်းလဲရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) ၏ အဆောက်အအုံဆိုင်ရာ လုပ်ငန်းတာဝန်ခံ အဖွဲ့ ကို ပံ့ပိုးကူညီလျက်ရှိပါသည်။ ရန်ကုန်မြို့ အဆောက်အအုံဆိုင်ရာ ပါမစ်စနစ် ( YBPS ) သည် ဇူလိုင်လ ၁ ရက်နေ့မှ စတင်၍ နှစ်ကုန်ပိုင်းအထိ စမ်းသပ် အသုံးပြုမည် ဖြစ်သည်။

IFC နှင့် YCDC တို့ကြား တစ်နှစ်ကြာလက်တွဲပူပေါင်းဆောင်ရွက်ပြီးနောက် နှစ်စဉ်လက်ခံဆောင်ရွက်နေရသော ပါမစ်လျှောက်လွှာ အစောင်ရေ ၄၀၀၀၏ ၉၀ရာခိုင်နှုန်းခန့်ကို စက္ကူစာရွက်များ အသုံးပြုစရာ မလိုတော့မည့် နည်းပညာအစားထိုးစနစ်ဖြင့် ဆောက်လုပ်ခွင့်ပါမစ်ရရှိရေးလုပ်ငန်းစဉ် ကြာချိန်ကို ခန့်မှန်းခြေ ပျမ်းမျှ ၉၅ ရက်မှ ၄၉ ရက်သို့ လျှော့ချနိုင်ပါမည်။ မြန်မာနှင့် အင်္ဂလိပ် နှစ်ဘာသာဖြင့် အသုံးပြုနိုင်မည့် အွန်လိုင်းဆောက်လုပ်ခွင့်ပါမစ်စနစ်အသစ် ကို YCDCအတွက် အထူးသီးသန့် ပြုလုပ်ထားခြင်းဖြစ်ပါသည်။ သက်ဆိုင်ရာပညာရှင်အဖွဲ့အစည်းများ၏ အသိအမှတ်ပြု လက်မှတ်ရထားသော ဗိသုကာပညာရှင်များနှင့် ဆောက်လုပ်ရေးအင်ဂျင်နီယာများမှ သတ်မှတ်ကာလ အပိုင်းအခြား တွင် ပါဝင်စမ်းသပ်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

"ကျွန်မတို့အနေနဲ့ ပါမစ်ပေးတဲ့လုပ်ငန်းစဉ်မှာ ပိုပြီးမြန်ဆန်ထိရောက်စေဖို့အတွက် လုပ်ငန်းရှင် အသိုင်းအဝိုင်းဖက်က တောင်းဆိုမှုများကို နားလည်တုန့်ပြန်သည့်အနေနဲ့ ပြင်ဆင်ထားတဲ့ ရန်ကုန်မြို့ အဆောက်အအုံဆိုင်ရာ ပါမစ်စနစ် (YBPS) ကို စမ်းသပ်ဆောင်ရွက်မှာ ဖြစ်ပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးမှ ပြောကြားသည်။ စမ်းသပ်ဆောင်ရွက်မှု အဆင့်တွင် ပါမစ်လျှောက်သူများ၏ အတွေ့အကြုံ၊ အကြံဉာဏ်များကို တောင်းယူပြီးတော့ စနစ်ကိုပိုကောင်းမွန်အောင် ဖြည့်စွက်ဆောင်ရွက်သွားမှာဖြစ်ပြီး၊ ဒီဇင်ဘာလထဲ ဒီစနစ်ကို

စတင်အသုံးပြုတဲ့အခါ မြန်ဆန်ထိရောက်၊ ပွင့်လင်းမြင်သာပြီး ကုန်ကျစရိတ်မှာလည်း တွက်ချေကိုက်တဲ့စနစ်တစ်ခု ဖြစ်လာနိုင်မယ်” ဟု ထပ်မံ ပြောကြားခဲ့ပါသည်။

ရန်ကုန်မြို့ အဆောက်အအုံဆိုင်ရာ ပါမစ်စနစ် (YBPS) ဖြစ်ပေါ်လာစေရန် IFC ၏ပံ့ပိုးကူညီမှုသည် မြန်မာနိုင်ငံ၏ Ease of Doing Business ကို ပိုမိုကောင်းမွန်အောင်အထောက်အကူပြုစေရန် ရည်ရွယ်သည့် အစီအစဉ်ကြီး၏ တစိတ်တပိုင်း ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် Doing Business အစီရင်ခံစာ အညွှန်းကိန်းအရ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးနိုင်ငံပေါင်း ၁၉၀ တွင် အဆင့် ၁၇၁ ဖြင့် ရပ်တည်နေပါသည်။ အဆောက်အအုံဆောက်လုပ်ခွင့်ပါမစ်ရရှိရေး အချက်သည် အညွှန်းကိန်းကို အဆုံးအဖြတ်ပေးနိုင်မည့် တိုင်းတာသောအချက် ၁၀ချက်ထဲမှ တစ်ချက် ဖြစ်ပါသည်။

“အခြားကဏ္ဍများနဲ့ နှိုင်းယှဉ်ရင် မြန်မာနိုင်ငံရဲ့ ဆောက်လုပ်ရေးကဏ္ဍက ဝင်ငွေအများဆုံးရနိုင်တဲ့ အလားအလာရှိပါတယ်။ ဒါကြောင့် ထိရောက်မြန်ဆန်၊ ပွင့်လင်းမြင်သာပြီး လက်ခံနိုင်စွမ်းရှိတဲ့ ပါမစ်စနစ်ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်း ဝန်းကျင်ကောင်းတစ်ခုဖြစ်ဖို့ အထောက်အကူဖြစ်စေမှာပါ”ဟု အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း၏ မြန်မာနိုင်ငံဆိုင်ရာမန်နေဂျာ မစ္စတာဗစ်ခရမ်ကူးမာမှ ပြောကြားခဲ့ပါသည်။ “အစိုးရရဲ့ အားစိုက်ထုတ်မှုနဲ့အတူ ဖြစ်လာတဲ့ ယခု အပြောင်းအလဲဟာ ဆောက်လုပ်ရေးကဏ္ဍကို ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ရေရှည်တည်တံ့အောင်နဲ့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုရရှိဖို့ အထောက်အကူပြုမှာ ဖြစ်ပါတယ်။”

၂၀၁၈ခုနှစ် မေလတွင် IFC နှင့် YCDC တို့ ပူးပေါင်းဆောင်ရွက်မှုကို စတင်ခဲ့ပြီး ရန်ကုန်မြို့၏ အဆောက်အအုံဆောက်လုပ်ခွင့် ပါမစ်စနစ်ကို အသေးစိတ်လုပ်ငန်းစဉ်မြေပုံ ရေးဆွဲအကဲဖြတ်မှုကို ပြုလုပ်ခဲ့ပါသည်။ ရန်ကုန်မြို့ဆောက်လုပ်ရေးကဏ္ဍ၏ လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်မည့် customized စနစ်တစ်ခုအဖြစ် ထွက်ပေါ်လာစေရန်အတွက် IFC သည် YCDC ကို စွမ်းဆောင်ရည်မြှင့်တင်ရေးလေ့ကျင့်မှုများ ပံ့ပိုးကူညီပေးနေစဉ်တွင် စနစ်ကို တကယ်လက်တွေ့သုံးစွဲရမည့်သူများနှင့်လည်း ပါဝင်ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပါသည်။

များမကြာမီကဖြစ်သော မြန်မာနိုင်ငံ၏ အခြားသော Doing Business ဆိုင်ရာပြုပြင်ပြောင်းလဲမှုများတွင် မြန်မာနိုင်ငံ၏ ပထမဆုံး ချေးငွေသတင်းအချက်အလက်ဌာန ပေါ်ပေါက်လာရေးဆောင်ရွက်မှုနှင့်အတူ ၇၀ရာခိုင်နှုန်း ပို့ကုန်ပစ္စည်းများနှင့် ၅၇ရာခိုင်နှုန်း သွင်းကုန်ပစ္စည်းများအတွက် လိုင်စင်လျှောက်ထားရန်လိုအပ်ချက်မှ ကင်းလွတ်ခွင့် ပေးနိုင်သည့် သွင်းကုန်၊ ပို့ကုန် ဆိုင်ရာ Negative lists ကို ပြင်ဆင်အတည်ပြုနိုင်ခဲ့ခြင်းတို့ အပါအဝင်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) သည် သြစတေးလျနိုင်ငံ၊ ဗြိတိသျှနိုင်ငံ၊ ဂျပန်နိုင်ငံအစိုးရတို့နှင့် ပူးပေါင်းပြီး စီးပွားရေးတိုးတက်စေရန်အတွက် အဓိကအရေးပါသည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သည့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရလွယ်ကူမှု ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းအဖွဲ့ (Doing Business Reform Working Group ) ကို ပံ့ပိုးကူညီပေးလျက်ရှိပါသည်။

**IFC အကြောင်း**

IFC သည် ကမ္ဘာ့ဘဏ်၏ ညီနောင်သားချင်းအဖွဲ့အစည်း ဖြစ်ပြီး ကမ္ဘာ့ဘဏ်အုပ်စုဝင် အဖွဲ့ဝင်တစ်ခုဖြစ်ကာ ထွန်းသစ်စ ဈေးကွက်စီးပွားရေးနိုင်ငံများတွင် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အဓိက ဦးတည်ဆောင်ရွက်နေသော ကမ္ဘာ့အကြီးဆုံး ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကြီး ဖြစ်ပါသည်။ ကမ္ဘာ့အဝှန်း စီးပွားရေးအဖွဲ့အစည်းပေါင်း ၂၀၀၀ ကျော်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့အခက်ခဲဆုံးသော နေရာဒေသများတွင် IFC ၏ အရင်းအနှီးများ၊ အတတ်ပညာများနှင့်

တွန်းအားပေးလုပ်ဆောင်မှုများဖြင့် စျေးကွက်နှင့် အခွင့်အလမ်းများ ဖန်တီးရာတွင် ကူညီဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်အတွင်း IFC ၏ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကာလရှည် ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံကျော်ထိရှိပြီး အလွန်အမင်းဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ တိုးမြှင့်ခွဲဝေခံစားရေးတွင် ပုဂ္ဂလိက ကဏ္ဍ ပိုမိုမြင့်မားလာစေရန် အထောက်အကူပြုပါသည်။ ပိုမိုသိရှိလိုပါက www.ifc.org တွင် လေ့လာနိုင်ပါသည်။

**ဆက်သွယ်ရန်**

www.ifc.org/eastasia

www.twitter.com/IFC_EAP

www.youtube.com/IFCvideocasts

www.ifc.org/SocialMediaIndex

www.instagram.com\ifc_org

www.facebook.com/IFCeap

www.facebook.com/IFCwbg

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အဆောက်အအုံဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့ အကြောင်း**

အဆောက်အအုံဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းတာဝန်ခံအဖွဲ့ (၇)ဖွဲ့ အနက် တစ်ဖွဲ့ဖြစ်ပြီး မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခွင့်များနှင့် ပတ်သက်၍ စည်းကမ်းချက်များ သတ်မှတ်၍ ဆောက်လုပ်ခွင့်ပြုခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်း၊ ဆောက်လုပ်နေစဉ်အတွင်း စစ်ဆေးကြပ်မတ်ခြင်း၊ ဆောက်လုပ်ပြီးစီးပါက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိ/မရှိ စိစစ်ပြီး အဆောက်အအုံပြီးစီးကြောင်းလက်မှတ် ထုတ်ပေးခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်း စသည့်လုပ်ငန်းများအား လုပ်ဆောင်ပေးနေသော တာဝန်ခံအဖွဲ့ဖြစ်ပါသည်။

## မေတ္တာရပ်ခံခြင်း (၂၉.၃.၂၀၁၉)

(၁.၄.၂၀၁၉) ရက်နေ့သည် အစိုးရဘဏ္ဍာနှစ်ပိတ်ရက်ဖြစ်ပါသဖြင့် နေ့ချင်းပြီး ငွေသွင်းဆောင်ရွက်ရသည့် အမှုတွဲများအား လက်ခံဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း ကြိုတင်အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

## အများသိစေရန် ကြေညာချက်(၁.၃.၂၀၁၉)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း အဆောက်အဦဆောက် လုပ်ခွင့် ပါမစ် ရယူရေး လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူ များ ပိုမို လွယ်ကူ မြန်ဆန်စေရန် လက်ရှိကျင့်သုံးနေသော ဆောက်လုပ်ခွင့်ပါမစ်စနစ်အား Risk Based System ဖြင့် ပြောင်းလဲဆောင်ရွက်နိုင်ရေး အတွက် ၂၀၁၉ ခုနှစ် ဖွန်လမှစ၍ အမှုတွဲများ လက်ခံ ဆောင်ရွက်ရာ တွင် Building Categorization Matrix (BCM) အား အသုံးပြုကာ Risk ခွဲခြား သတ်မှတ်၍ စတင်စမ်းသပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင် အသိပေး ကြေညာအပ် ပါသည်။ လိုအပ်သည့် စာရွက်စာတမ်းများကိုလည်း Risk ပေါ်မူတည်၍ တောင်းခံသွားမည်ဖြစ် ပါသည်။ အမှုတွဲစတင် လက်ခံရာတွင် Risk ခွဲပြီး ဆောင်ရွက်သည့် အတွက် ပွင့်လင်းမြင်သာမှု ပိုမိုရှိပြီး ကြာမြင့်ချိန်၊ ကုန်ကျစရိတ်များအား လက်ခံသည့် အချိန်တွင် ချက်ခြင်းသိရှိနိုင်မည်လည်း ဖြစ်ပါသည်။ Risk ခွဲခြားသတ်မှတ်ပြီး ဖြစ်သဖြင့် အများပြည်သူသို့ ဝန်ဆောင်မှု ပေးနေသော အဖွဲ့ အစည်းအားလုံး အတွက် အဆောက်အဦ ဆိုင်ရာ အချက်အလက်များ မှန်ကန်စွာ ရရှိနိုင်ပြီး ခွင့်ပြုရာ တွင်လည်းကောင်း၊ တည်ဆောက်ပြီးချိန်၌ စီမံခန့်ခွဲရာတွင်လည်းကောင်း စီမံခန့်ခွဲမှု ပိုမိုကောင်းမွန် ရန်ရည်ရွယ် ပါသည်။ ထိုသို့ (BCM) အားအသုံးပြုကာ Risk ခွဲခြားသတ်မှတ်၍ အဆောက်အအုံ ဆောက်လုပ်ခွင့် ပေးခြင်းအား ပိုမိုလျင်မြန်လွယ်ကူပြီး ထိရောက်မှုရှိစေရန် နိုင်ငံတကာနည်းတူ ICT နည်းပညာသုံး online submission စနစ်ဖြင့်ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက် သွား မည်ဖြစ်ပါကြောင်းလည်း အများသိစေရန် တပါတည်း အသိပေး ကြေညာ အပ်ပါ သည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)<br>
အင်ဂျင်နီယာဌာန(အဆောက်အအုံ)<br>
အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့<br>
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## မြေသားစမ်းသပ်မှုဆိုင်ရာ ညွှန်ကြားချက်(၂၈.၂.၂၀၁၉)

ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဆောက်လုပ်မည့် ၃ထပ်နှင့် အထက် အဆောက်အအုံများ ဆောက်လုပ်ခွင့်တင်ပြရာတွင် အထပ်မြင့်အဆောက်အအုံ တည်ဆောက် ရေး စီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့(CQHP) ထောက်ခံချက်ဖြင့် မြေသားစမ်း သပ်မှု လုပ်ငန်း လိုင်စင်ရရှိထားသည့် ကုမ္ပဏီများမှ တင်ပြလာသော မြေသား စမ်းသပ်မှု လုပ်ငန်းဆိုင်ရာ အစီရင်ခံစာ (Soil Investigation Report) များကို လက်ခံ ဆောင်ရွက်ပေး လျက်ရှိပါသည်။ မြေသား

စမ်းသပ်မှုလုပ်ငန်းနှင့်ပတ်သက်ပြီး ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် CQHP အဖွဲ့နှင့် ဌာနဆိုင်ရာအဖွဲ့များ စုပေါင်းဆွေးနွေးသည့် အစည်းအဝေး ဆုံးဖြတ်ချက် အရ မြေသား စမ်းသပ်မှု လုပ်ငန်းဆောင်ရွက်ရာတွင် မြေသားစမ်းသပ်မှု လုပ်ငန်း လိုင်စင်ရ ကုမ္ပဏီများ အနေဖြင့် အောက်ဖော်ပြပါ အချက်များကို ၂၀၁၉ခုနှစ်၊ ဧပြီလ(၁)ရက် နေ့ မှ စတင်၍ ဖြည့်စွက်လိုက်နာ ဆောင်ရွက်ရန် အသိပေး ကြေညာအပ်ပါသည်-

| | |
|---|---|
| (က) | Soil Report သက်တမ်းအား မြေသားစမ်းသပ်သည့် အချိန်မှစ၍ ၄ နှစ် သက်တမ်း အထိသာ အကျုံးဝင်သည်ဟု သတ်မှတ်ရန်။ |
| (ခ) | စတုရန်းပေ ၂၅၀၀ နှင့် အောက်ရှိသော မြေကွက်များအတွက် မြေသားစမ်းသပ် ရမည့် Bore Hole အရေအတွက်အား အနည်းဆုံး ၂ ကျင်း စမ်းသပ်ရန်။ |
| (ဂ) | စတုရန်းပေ ၂၅၀၀ နှင့် ၅၀၀၀ ကြားရှိသောမြေကွက်များအတွက် မြေသား စမ်းသပ် ရမည့် Bore Hole အရေအတွက်အား အနည်းဆုံး ၃ ကျင်း စမ်းသပ် ရန်။ |
| (ဃ) | စတုရန်းပေ ၅၀၀၀ နှင့် အထက်ရှိသော မြေကွက်များအတွက် မြေသားစမ်းသပ် ရမည့် Bore Hole အရေအတွက်အား ပထမမူလ စတုရန်းပေ ၅၀၀၀ အတွက် ၃ ကျင်း နှင့် ၅၀၀၀ ထက်ပိုသော စတုရန်းပေအတွက် စတုရန်းပေ ၅၀၀၀ လျှင် ၁ ကျင်း နှုန်းဖြင့် စမ်းသပ်ရန်။ |

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်

## အများသိစေရန် ကြေညာချက်(၂၈.၁၂.၂၀၁၈)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၌ ဆောက် လုပ်ခွင့် လျှောက်ထား တင်ပြရာတွင် မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနမှ (၁)နှစ်အတွင်း ထုတ်ပေး ထားသော မြေပုံ/မြေရာဇဝင် မူရင်း (Certified Map) နှင့် နယ်နိမိတ်တိုင်းတာ သတ်မှတ်သည့် မြေပုံ (Demarcation Map) နှစ်မျိုးတင်ပြရခြင်းအစား ၂-၁-၂၀၁၉ ရက်နေ့မှ စ၍ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ (၁)နှစ်အတွင်း ထုတ်ပေးထားသော နယ်နိမိတ် တိုင်းတာ သတ်မှတ် သည့် မြေပုံ (Demarcation Map) တစ်မျိုးတည်း သာတင်ပြရန် လိုအပ် ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
အင်ဂျင်နီယာဌာန(အဆောက်အအုံ)
အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် ကြေညာချက်(၂၇.၁၁.၂၀၁၈)

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆောက်လုပ်သည့် အဆောက် အအုံများကို ကြီးကြပ်ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ က အင်ဂျင်နီယာ လိုင်စင်များ အား စိစစ်ထုတ်ပေးခဲ့ရာ အဆိုပါလိုင်စင်များသည် ၃၁-၃-၂၀၁၈ ရက်နေ့ တွင် သက်တမ်းကုန်ဆုံး မည်ဖြစ်ပြီး၊ ၁-၄-၂၀၁၈ ရက်နေ့မှစ၍ မြန်မာနိုင်ငံ အင်ဂျင်နီ ယာ ကောင်စီ၊ မြန်မာနိုင်ငံဗိသုကာ ကောင်စီများ တွင် မှတ်ပုံတင် ထားသော အင်ဂျင်နီယာ/ ဗိသုကာများ ဖြင့်သာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ် အတွင်း ကြီးကြပ် ဆောက်လုပ် ခွင့်ပြုမည်ဖြစ်ကြောင်း ၁၅-၃-၂၀၁၈ ရက်နေ့ သတင်းစာများတွင် ထည့်သွင်း ကြေညာ ခဲ့ပြီး ဆောင်ရွက်လျှက်ရှိပါသည်။

၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ၁-၄-၂၀၁၈ရက်နေ့ မတိုင်မီ ခွင့်ပြုချက် တင်ပြထားသော ဆောက်လုပ်ခွင့် အမှုတွဲများနှင့် ခွင့်ပြုချက်ရရှိပြီး ဆောက်လုပ်ဆဲ အဆောက်အအုံများတွင် မူလကြီးကြပ်ခဲ့သော လိုင်စင်အင်ဂျင်နီယာများ(LS)၊ အဆောက်အအုံ အင်ဂျင်နီယာများ(SEC)၊ Accredited Checker (AC)များအား ဆောင်ရွက်ဆဲများဖြစ်သဖြင့် ဖြေလျော့ပြီး ဆောင်ရွက်ခွင့်ပေးလျက်ရှိရာ အချိန်ကာလ (၇)လကျော် ကြာခဲ့ပြီဖြစ်၍ မူလ အင်ဂျင်နီယာများဖြင့် ဆောင်ရွက်ဆဲရှိနေသည့် အဆောက်အအုံများ အားလုံးအား ၁-၄-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာ/ ဗိသုကာများဖြင့် ပြောင်းလဲ ဆောင်ရွက်ရန်လိုအပ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် ကြေညာချက်(၂၇.၁၁.၂၀၁၈)

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) တွင် အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့် တင်ရာ၌ ပုံစံများတွင် လက်မှတ်ရေးထိုးထားသည့် ကော်မတီ အသိအမှတ်ပြု လိုင်စင်ရကန်ထရိုက်တာများ၏ လက်မှတ်အတု၊ တံဆိပ်တုံးအတုများ ဖြင့် တင်ပြနေ ကြောင်း စစ်ဆေးတွေ့ရှိရ သဖြင့် ၁.၁၂.၂၀၁၈ ရက်နေ့မှစ၍ အမှုတွဲ တင်ရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အသိအမှတ်ပြုလိုင်စင်ရကန်ထရိုက်တာများသို့ ထုတ်ပေးထားသော ကတ်ပြားမူရင်းနှင့် တင်ပြမှသာ လက်ခံဆောင်ရွက် ရရှိမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် ကြေညာချက်(၂၇.၁၁.၂၀၁၈)

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) တွင် အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့် တင်ရာ၌ ပုံစံများတွင် လက်မှတ်ရေးထိုးထားသည့် မှတ်ပုံတင် အင်ဂျင်နီယာ/ ဗိသုကာများ ၏ လက်မှတ်အတု၊ တံဆိပ်တုံး အတုများဖြင့် တင်ပြ နေကြောင်း စစ်ဆေး တွေ့ရှိရသဖြင့် ၁.၁၂.၂၀၁၈ ရက်နေ့မှစ၍ အမှုတွဲ တင်ရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ မှတ်ပုံတင်အင်ဂျင်နီယာ/ ဗိသုကာများသို့ အခမဲ့ ထုတ်ပေး ထားသော ကတ်ပြားမူရင်းနှင့် တင်ပြမှသာ

လက်ခံဆောင်ရွက် ရရှိမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)<br>
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ